# Highlights from DVB Debate's 1988 Anniversary Show

## August 5, 2017

## "1988: Is it time to forget?"

"ရှလေးလုံး အရေးတော်ပုံ အပါအဝင် လူထုရဲ့ပေးဆပ်မှုကို မှတ်တမ်း မတင်ဘဲ ရင်ကြားစေ့ရေးကို သွားလို့ မရဘူး။"

ဦးမြအေး - ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်း လူ့အဖွဲ့အစည်း

---

"ပြည်သူက အုပ်ချုပ်နေတဲ့ အစိုးရကို မကြိုက်တော့တဲ့အချိန်မှာ၊ ရုန်းထွက်တာချင်း တူလာတဲ့အချိန်မှာ ၈၈ အရေးတော်ပုံ ပေါ်ထွက်လာတယ်လို့ ထင်တယ်။ ဘယ်သူ ဦးဆောင်လဲဆိုရင်၊ အဲ့ကာလမှာ ဘယ်သူဦးဆောင်လဲဆိုတာ မသိဘူး.။ ဒါပေမယ့် အဲဒီအချိန်မှာ တရားဥပဒေစိုးမိုးမှု မရှိခဲ့တာတော့ အမှန်ပဲ။"

ဒေါက်တာ နန္ဒာလှမြင့် - ပြောရေးဆိုခွင့်ရှိသူ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီ

"တော်လှန်ရေးဆိုတာ စားပွဲခင်း ခင်းပြီး ဇွန်း ခက်ရင်းနဲ့ ထမင်းထိုင်စားတာ မဟုတ်ဘူး။ ဘေးထွက်ဆိုးကျိုး ဆိုတာ ရှိတယ်။ ဘေးထွက်ဆိုကျိုးကို highlight လုပ်ပြီး တော်လှန်ရေးကို ဆွဲချလို့ မရဘူး။ ခေါင်းဖြတ်တဲ့ ဖန်တီးမှုတွေ.. ဘယ်သူက ဖန်တီးလဲ ဆိုတာ ကျနော် မပြောချင်ဘူး။ စစ်အစိုးရ ကိုယ်တိုင်ကိုက ပါတီစုံ ဒီမိုကရေစီ စနစ်ကို လက်ခံခဲ့ရတာပဲ မဟုတ်ဘူးလား။ ဒါတော်လှန်ရေး အဖြေပဲ။"

ဦးမြအေး - ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်း လူ့အဖွဲ့အစည်း

---

"အဲ့အချိန်မှာ တိုင်းပြည်ကို ထိန်းသိမ်းဖို့ တည်ငြိမ်အေးချမ်းဖို့ တပ်မတော်မှတပါး ဘယ်သူရှိသလဲ။"

ဒေါက်တာ နန္ဒာလှမြင့် - ပြောရေးဆိုခွင့်ရှိသူ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီ

---

"၂၀၀၈ ဖွဲ့စည်းပုံကို မဖျက်နိုင်ရင် ရင်ကြားစေ့ရေးမဖြစ်ဘူး။"

ဦးချစ်ဆောင်ဦး - သခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ရက် (ပြည်ခရိုင်)

---

ဒီအခြေခံဥပဒေက အမျိုးသားရင်ကြားစေ့ရေးကို အားပေးတဲ့ အခြေခံဥပဒေမဟုတ်ဘူး။

ဦးမြအေး - ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်း လူ့အဖွဲ့အစည်း

---

"၈လေးလုံး အရေးတော်ပုံကြီးဟာ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ဖြစ်ခဲ့တယ်ဗျာ။ တကယ်ဖြစ်ခဲ့တယ် ပထမဆုံးကျူးလွန်သူက လုပ်ခဲ့တယ်ဆိုတာ ပြောကို ပြောရမယ်။"

ဦးချစ်ဆောင်ဦး - သခင်ကိုယ်တော်မှိုင်းငြိမ်းချမ်းရေး ကွန်ရက် (ပြည်ခရိုင်)

"သမိုင်းမှန်ကို ဂန်ခံပြီထားဦး။ တပ်မတော်ဆိုတာ အင်စတီကျူးရှင်းတခုဖြစ်ပါတယ် လူတဦးတယောက်ကို ကိုယ်စားပြုထားတဲ့ အင်စတီကျူးရှင်းမဟုတ်ပါဘူး။"

ဦးမျိုးသန့်ခိုင် - အမှုဆောင်ဒါရိုက်တာ၊ သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့

---

"တခုခုဖြစ်လို့ရှိရင် တိုင်းပြည် ချောက်ထဲကျဖို့ လက်တလုံးအလို နှစ်လုံးအလို ကယ်တင်တာမျိုးတွေ ထပ်ကမ္ဘည်းထိုး မခံနိုင်တော့ဘူး"

ဦးမြအေး - ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်း လူ့အဖွဲ့အစည်း

---

"ကျနော်တို့ သားစဉ်မြေးဆက်ကို မညီညွတ်မှု အမွေ ပေးခဲ့မှာလား. ရန်ဆက်ဖြစ်နေမှာလား။"

ဒေါက်တာ နန္ဒာလှမြင့် - ပြောရေးဆိုခွင့်ရှိသူ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီ

"စစ်တပ်ကမကောင်းဘူး စစ်တပ်ကတောင်းပန်လို့ ကျနော်မပြောဘူး ကျနော်တို့က စနစ်ကိုပြောနေတာ."

ဦးမြအေး - ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်း လူ့အဖွဲ့အစည်း

---

"အမျိုးသားပြန်လည်သင့်မြတ်ရေးက အမှန်တရားဖော်ထုတ်ရေးနဲ့ ကင်းကွာပြီး သွားလို့မရဘူး။"

ဦးတင်မောင်ဦး - ပရိသတ်

---